

စာစဉ်-၈
ငါသည်
အရိပ်
ဘာသာပြန်ဆိုသူ - ယမ်း (ယမကာ Team)

# အခန်း (၇၁)
# ငါက အမဲသား မစားဘူး

*

【အရိပ် မျက်နှာဖုံး (ရွှေအဆင့်) - လုပ်ကြံသတ်ဖြတ်သူ ပစ္စည်းကိရိယာ။ ခံနိုင်ရည် +၅၊ ဝိညာဉ်စွမ်းရည် +၅၊ ရှောင်တိမ်းနိုင်စွမ်း +၃၂%။ ဝတ်ဆင်ရန် လိုအပ်ချက် - အဆင့် ၁၂။】

ဤပစ္စည်းကိရိယာက ကာကွယ်မှု သို့မဟုတ် ဒြပ်စင်ခံနိုင်ရည်များကို မပေါင်းထည့်ပေးဘဲ ခံနိုင်ရည်နှင့် ဝိညာဉ်စွမ်းရည်အတွက် ၅ မှတ်စီသာ ပေါင်းထည့်ပေးရာ ၎င်းက အမည်ခံသက်သက်သာ ဖြစ်ပေသည်။

သို့သော် ၃၂% ရှောင်တိမ်းနိုင်စွမ်းကမူ အတော်လေး ကောင်းမွန်လှ၏။

"ငါ့ရဲ့ တစ္ဆေအရိပ် မှုန်ဝါးခြင်း စွမ်းရည်မှာ ၇၅% ရှောင်တိမ်းနိုင်စွမ်း ပါဝင်ပြီးသား"

"အရိပ် မျက်နှာဖုံးရဲ့ ၃၂% ရှောင်တိမ်းနိုင်စွမ်းနဲ့ ထပ်ပေါင်းလိုက်ရင် နောက်ဆုံး ရှောင်တိမ်းနိုင်စွမ်းက... ၈၃% ဖြစ်သွားပြီ"

နတ်ဘုရားစွန့်ပစ်ဂိမ်းထဲတွင် မတူညီသော အရင်းအမြစ်များမှ ရရှိသည့် ရှောင်တိမ်းနိုင်စွမ်း ဖြစ်တန်စွမ်းများကို တိုက်ရိုက် ပေါင်းစပ်၍ မရနိုင်ချေ။

ထိုအစား ၎င်းတို့ကို အဆမြှောက်စနစ်ဖြင့် ထပ်ပေါင်းတွက်ချက်ရပေသည် 【နောက်ဆုံး ရှောင်တိမ်းနိုင်စွမ်း = ၁ - (၁ - ရှောင်တိမ်းနိုင်စွမ်း A) * (၁ - ရှောင်တိမ်းနိုင်စွမ်း B) * (၁ - ရှောင်တိမ်းနိုင်စွမ်း C)...】

အရင်းအမြစ် တစ်ခုတည်းမှ ရရှိသော ရှောင်တိမ်းနိုင်စွမ်းက ၁၀၀% ထက် ကျော်လွန်မည် မဟုတ်သဖြင့် ရှောင်တိမ်းနိုင်စွမ်း မည်မျှပင် ထပ်ပေါင်းထားစေကာမူ ရှောင်တိမ်းနိုင်စွမ်း၏ ဖြစ်တန်စွမ်းမှာ ၁၀၀% သို့ လုံး ဝ ရောက်ရှိနိုင်မည် မဟုတ်ချေ… သေချာသည်မှာ တချို့သော အထူးစွမ်းရည် အာနိသင်များနှင့် အခြေအနေများကတော့ ချွင်းချက် ဖြစ်၏။

ထို့ပြင် 'အနက်ရောင်အလင်းဒိုင်း' စွမ်းရည်က ရှောင်တိမ်းနိုင်စွမ်းကို ပျက်စီးမှု လျော့ကျစေသည့် ဒိုင်းအလွှာများအဖြစ် ပြောင်းလဲပေးနိုင်ပေသည်။

ချင်ဖုန်းက ၎င်းကို စမ်းသပ်ကြည့်လိုက်ရာ …

"ဒီစွမ်းရည်အတွက် ပျက်စီးမှု လျော့ကျစေတဲ့ ဒိုင်းအလွှာတွေကို တကယ်တော့ စွမ်းရည်တစ်ခုချင်းစီအတွက် သီးခြားစီ တွက်ချက်ပေးတာလား"

ဤအရာက ချင်ဖုန်းကို အနည်းငယ် အံ့အားသင့်သွားစေခဲ့၏။

အကယ်၍ နောက်ဆုံး ရှောင်တိမ်းနိုင်စွမ်းဖြင့်သာ တွက်ချက်မည်ဆိုပါက ၈၃% ရှောင်တိမ်းနိုင်စွမ်းက ပျက်စီးမှု လျော့ကျစေသည့် ဒိုင်းအလွှာ ၈ ထပ် အဖြစ် ပြောင်းလဲသွားမည် ဖြစ်သည်။

သို့သော် စွမ်းရည်တစ်ခုချင်းစီအတွက် သီးခြားစီ တွက်ချက်မည်ဆိုပါက ၇ ထပ် အပေါင်း ၃ ထပ်ဖြစ်သဖြင့် စုစုပေါင်း ပျက်စီးမှု လျော့ကျစေသည့် ဒိုင်းအလွှာ ၁၀ ထပ် ရရှိမည် ဖြစ်၏။

ဆိုလိုသည်မှာ… 'အနက်ရောင်အလင်းဒိုင်း' စွမ်းရည်က အလွန်မြင့်မားသော အလားအလာ ရှိနေကြောင်းပင်။

သေချာသည်မှာမူ အလားအလာ မြင့်မားနေလျှင်ပင် ပျက်စီးမှု လျော့ကျစေသည့် ဒိုင်းအလွှာများကို ထောက်ပံ့ပေးသော စွမ်းရည်များကို တန်ပြန်

တိုက်ခိုက်နိုင်ပေသည်။

လေးသမား၊ မော်ဆရာ၊ ဓားသမားနှင့် စစ်သည်တော်စသည့် အလုပ်အကိုင်များစွာတွင် ကြိမ်နှုန်းမြင့်မားသော တိုက်ခိုက်ရေး နည်းလမ်းများစွာ ရှိကြ၏။

နောက်ပိုင်းအဆင့် ကစားသမားချင်းတိုက်ပွဲများတွင် စွမ်းရည်တစ်ခုတည်းဖြင့်ပင် ပျက်စီးမှု လျော့ကျစေသည့် ဒိုင်းအလွှာ ဒါဇင်ပေါင်းများစွာကို ရှင်းလင်းပစ်နိုင်ပေသည်။

သို့သော် လက်ရှိအဆင့်တွင်မူ ချင်ဖုန်းက အနက်ရောင်အလင်းဒိုင်းကို ဘော့စ်များအား ကိုင်တွယ်ရန်အတွက် အဓိကအသုံးပြုမည် ဖြစ်၏။

နောက်ပိုင်းတွင်မူ ၎င်းကို အထူးတလည်အဖြစ် တစ်ဦးချင်းတိုက်ပွဲ အခြေအနေများအတွက်သာ အသုံးပြုမည် ဖြစ်သည်။

ရန်သူများစွာနှင့် တိုက်ခိုက်ရမည့် အခြေအနေများတွင် ပျက်စီးမှု လျော့ကျစေသည့် ဒိုင်း၏ အာနိသင်က ရှောင်တိမ်းနိုင်စွမ်းလောက် မကောင်းမွန်လှချေ။

...

ချင်ဖုန်းက သူ၏ စွမ်းရည်များကို ဆင့်ကဲပြောင်းလဲ၍ ပစ္စည်းကိရိယာများကို စစ်ဆေးပြီးချိန်၌ သူက ကိုယ်ဖျောက်ထားသော တစ္ဆေညခရီးသွားဝံပုလွေကို စီးနင်းလျက် 'သံမဏိသူတော်စင်မ' နှင့် မီတာရာဂဏန်းခန့် အကွာအဝေးသို့ ရောက်ရှိနေပြီ ဖြစ်၏။

ဆယ်မီတာကျော် မြင့်မားသော သံမဏိသူတော်စင်မမှာ အလွန်အမင်းထည်ဝါခန့်ညားပုံရကာ သံမဏိ စက်ဝိုင်းပြားကြီးကို လက်နှစ်ဖက်ဖြင့် ဆက်တိုက် ဝှေ့ယမ်းလျက် ပတ်ဝန်းကျင်ရှိ ကစားသမားများကို

အဆက်မပြတ် ခုတ်ပိုင်းနေပေသည်။

ရှေ့မှနေ၍ ဆဲဆိုသံများ၊ ဆူညံသံများနှင့် အမိန့်ပေးသံများလည်း ဆက်တိုက် ထွက်ပေါ်နေ၏။

တစ္ဆေညခရီးသွားဝံပုလွေက ချင်ဖုန်းကို တင်ဆောင်လျက် အနီးနားရှိ လူနေအိမ် အပျက်အစီးတစ်ခု၏ အမိုးပေါ်သို့ ခုန်တက်သွားလိုက်သည်။

အရှေ့ရှိ ရင်ပြင်အပျက်အစီးများထဲတွင် ကစားသမား သုံးဆယ်၊ လေးဆယ်ခန့် ပါဝင်သော အဖွဲ့တစ်ဖွဲ့က 'သံမဏိသူတော်စင်မ' ကို ဝိုင်းဝန်းတိုက်ခိုက်နေကြသည်အား သူ တွေ့လိုက်ရ၏။

"သူတို့က သံမဏိအပျိုစင်ကို တိုက်ချင်နေကြတာလား"

"ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလွန်းနေကြတာပဲ"

ချင်ဖုန်းက ဝင်မပါသေးဘဲ အရင်ဆုံး စောင့်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။

သံမဏိသူတော်စင်မက အဆင့် ၁၅ ပလက်တီနမ်အဆင့် ဘော့စ်တစ်ကောင် ဖြစ်၏။

အဖွဲ့တစ်ဖွဲ့အတွက် ခက်ခဲမှုအဆင့်အရဆိုလျှင် သူမက အောက်ဘုံဝိညာဉ်ဖေဆယ်လ်ထက် အနည်းငယ် အားနည်းပေသည်။

သို့သော် လက်ရှိအဆင့်တွင် ချင်ဖုန်းမှလွဲ၍ ပလက်တီနမ်အဆင့် ဘော့စ်တစ်ကောင်ကို ရှင်းလင်းရန် ကြိုးစားသော အခြားကစားသမားများမှာ သေချာပေါက် ပစ္စည်းကိရိယာ လိုအပ်ချက်များ ရှိနေမည် ဖြစ်၏။

ပလက်တီနမ်အဆင့် ဘော့စ်ကို တိုက်ခိုက်ရန် အခြေအနေများနှင့် အတော်လေးကိုက်ညီနိုင်သည့် တစ်ခုတည်းသော အဖွဲ့မှာ ဝမ်မုန့်၏ အဖွဲ့သာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူတို့က ချင်ဖုန်း ရောင်းချခဲ့သော

ပစ္စည်းကိရိယာများမှ အကျိုးအမြတ်များစွာ ရရှိခဲ့သဖြင့် သူတို့၏ ပစ္စည်းကိရိယာများက လုံလောက်မှု ရှိနေသောကြောင့်ပင်။

သို့သော် သာမန်ကစားသမားများအတွက်မူ လူခြောက်ယောက်ပါဝင်သော အဖွဲ့တစ်ဖွဲ့က ပလက်တီနမ်အဆင့်ဘော့စ်ကို တိုက်ခိုက်ရန် အိပ်မက်ပင် မက်နိုင်မည် မဟုတ်ချေ။

ပလက်တီနမ်အဆင့်နှင့် အထက်ရှိ ဘော့စ်များအားလုံးက ကစားသမားအဖွဲ့များ စိန်ခေါ်ရန်အတွက် ဖန်တီးထားခြင်း ဖြစ်၏။

ထို့ကြောင့် ပလက်တီနမ်အဆင့်ဘော့စ်တစ်ကောင်ကို စိန်ခေါ်ရန် ဝမ်မုန့်တို့ကဲ့သို့ ထိပ်တန်းအဆင့်ရှိအဖွဲ့ ခြောက်ဖွဲ့ သို့မဟုတ် ခုနစ်ဖွဲ့ အနည်းဆုံးလိုအပ်မည် ဖြစ်သည်။

လက်ရှိအဆင့်၌ ကမ္ဘာတစ်ဝန်းလုံး ပေါင်းလိုက်လျှင်ပင် ထိုမျှများပြားသော ထိပ်တန်းအထက်တန်းလွှာများကို စုစည်းနိုင်မည် မဟုတ်ချေ။

"ဩော်... သူပဲလား"

ထိုအချိန်၌ပင် ချင်ဖုန်းက သံမဏိအပျိုစင်၏ ပေါင်ကြားအောက်တည့်တည့်တွင် နေရာယူထားကာ ကျားသစ်နှင့်တူသည့် တိုက်ပွဲဝင်သတ္တဝါတစ်ကောင်ကို စီးနင်းလျက် လှံရှည်တစ်လက် ကိုင်ဆောင်ထားပြီး ဘော့စ်၏ တိုက်ခိုက်မှုများကို ဒိုင်းဖြင့် ကာကွယ်နေသော သူရဲကောင်းကစားသမားတစ်ဦးကို အဝေးမှနေ၍ တွေ့လိုက်ရ၏။

အကွာအဝေးကြောင့် ချင်ဖုန်းက သူတို့၏ ခေါင်းပေါ်ရှိ ကစားသမားအမှတ်စဥ်ကို မမြင်ရသလို သူတို့၏ မျက်နှာကိုလည်း သေချာ မမြင်ရချေ။

သို့သော်...

ချင်ဖုန်းက ထိုသူ၏ အထောက်အထားကို ချက်ချင်း မှတ်မိသွားခဲ့သည်။

ချန်ဝူမင်။

အမည်ပြောင် 'တောက်ပသော စစ်ရေးကိုယ်ကျင့်တရား'၊ 'သူရဲကောင်း ခန်းမ' ဂိုဏ်း၏ ဂိုဏ်းခေါင်းဆောင် ဖြစ်သည်။

သူက ဤမျှ ရင်းနှီးနေရသည့် အကြောင်းရင်းမှာ ချင်ဖုန်းက သူ၏ အတိတ်ဘဝ၌ ထိုသူနှင့် ကိုးနှစ်တိုင်တိုင် အနိုင်အရှုံးမပေါ်ဘဲ တိုက်ခိုက်ခဲ့ဖူး သောကြောင့်ပင်။

သူတို့၏ ဂိုဏ်းများက တောရိုင်းနယ်မြေများတွင် ယှဉ်ပြိုင်ခဲ့ကြကာ တစ် ယောက်ဆီမှ တစ်ယောက်က ဘော့စ်များကို လုယူခဲ့ကြပြီး တစ်ယောက်ကို တစ်ယောက် မရေမတွက်နိုင်လောက်အောင် သတ်ဖြတ်ခဲ့ဖူးကြခြင်းပင်။

ထို့ပြင် ချန်ဝူမင်၏ အလုပ်အကိုင်မှာ လျှို့ဝှက်အလုပ်အကိုင်ဖြစ်သော 'မြင့်မြတ်သော သူရဲကောင်း' ဖြစ်၏။

ထို့ကြောင့် အဆင့် ၁၀ သို့ ရောက်ရှိပြီးနောက် လဲလှယ်၍ရသော သက်တမ်း ရက် ၁၀၀၀ ကို အသုံးပြုကာ ဂိုဏ်းတစ်ခုကို တည်ထောင်ခဲ့ပြီး ၎င်းကို 【သူရဲကောင်း ခန်းမ】 ဟု အမည်ပေးခဲ့ခြင်း ဖြစ်သည်။

သူ၏ အတိတ်ဘဝတွင် သံမဏိအပျိုစင်ကို သူရဲကောင်းခန်းမဂိုဏ်းက အနိုင်ယူနိုင်ခဲ့၏။

ရလဒ်အနေဖြင့် သူရဲကောင်းခန်းမဂိုဏ်းက ကျန်းဟိုင်မြို့ဟောင်း အပျက်အစီးများထဲတွင် ဒုတိယအကြီးဆုံး ခိုလှုံရာစခန်းဖြစ်သော 'ဘုရား ကျောင်း ခိုလှုံရာစခန်း' ကို ရရှိသွားခဲ့သည်။

ကျန်းဟိုင်မြို့တွင် အနောက်ဘက် နတ်ဘုရားသတ်၊ အရှေ့ဘက် ဘုရား ကျောင်း ဟူသော ဆိုရိုးစကားတစ်ခု ရှိခဲ့ပြီး ၎င်းက ကျန်းဟိုင်မြို့ဟောင်း အပျက်အစီးများ၏ အနောက်ဘက်နှင့် အရှေ့ဘက် ဧရိယာများကို

အသီးသီး ထိန်းချုပ်ထားခြင်းအား ရည်ညွှန်းခြင်း ဖြစ်၏။

"သူရဲကောင်းခန်းမ၊ ဒီဂိုဏ်းက..."

ချင်ဖုန်းက ပြုံးရုံသာ ပြုံးလိုက်သည်။

ဤဂိုဏ်းက တိတိကျကျဆိုရသော် နောက်ပိုင်းတွင် ထိပ်တန်းတိုက်ခိုက်ရေးသမားအနည်းငယ်၏ ထောက်ပံ့မှုဖြင့် ရပ်တည်ခဲ့ကာ ၎င်း၏ ဂိုဏ်းသားများမှာ အခြေခံအားဖြင့် သူတို့၏ ကျွန်များသာ ဖြစ်ခဲ့ကြ၏။

အဘယ်ကြောင့်ဆိုသော် ဤဂိုဏ်းက အဖွဲ့ဝင်များကို ပထမဆုံး စတင်စုဆောင်းချိန်၌ သူတို့နှင့် ဝင်ရောက်ခြင်းစာချုပ်တစ်ခု ချုပ်ဆိုခဲ့သောကြောင့်ပင်။

ဂိုဏ်းက အဖွဲ့ဝင်များ၏ အခြေခံရှင်သန်ရေး လိုအပ်ချက်များကို အာမခံပေးမည် ဖြစ်သော်လည်း ဂိုဏ်းအတွင်းရှိ သက်တမ်း အခွန်နှုန်းထားမှာ ၅၀% အထိ မြင့်မားပေသည်။

တစ်နည်းဆိုရသော် အပြင်ဘက်၌ သက်တမ်း ရက် ၁၀၀ ရရှိသော သူရဲကောင်းခန်းမဂိုဏ်းသားတစ်ဦးအနေဖြင့် ဂိုဏ်းသို့ ရက် ၅၀ ပေးသွင်းရမည် ဖြစ်၏။

ယေဘုယျအားဖြင့် အလားအလာရှိသော်လည်း အစောပိုင်းအဆင့်များတွင် အတော်လေး အားနည်းကာ ရှင်သန်ရန် ရုန်းကန်နေရသော ကစားသမားများက ဤဂိုဏ်းသို့ ဝင်ရောက်ရန် ရွေးချယ်တတ်ကြသည်။

ထို့ပြင် ဂိုဏ်း၏ အဖွဲ့ဝင်စုဆောင်းမှု စံနှုန်းများကလည်း မနိမ့်လှချေ။

သာမန်ကစားသမားများမှာ ဝင်ရောက်ရန်ပင် အရည်အချင်း မပြည့်မီကြချေ။

မည်သို့ပင်ဆိုစေကာမူ ဂိုဏ်းမှ အဖွဲ့ဝင်များ၏ အခြေခံရှင်သန်မှုကို

အာမခံပေးခြင်းမှာ အစောပိုင်းအဆင့်များတွင် ကြီးမားသော ကုန်ကျစရိတ်တစ်ခု ဖြစ်လာမည်ဖြစ်ကာ အသားတင် အရှုံးပေါ်မှုပင် ဖြစ်နိုင်သောကြောင့်ပင်။

ထိုသို့သာ မဟုတ်ခဲ့ပါလျှင် ဤမျှမြင့်မားသော အခွန်နှုန်းထားရှိသည့် ဂိုဏ်းတစ်ခုအနေဖြင့် မည်သူ့ကိုမျှ စုဆောင်းနိုင်လိမ့်မည် မဟုတ်ချေ။

ဝင်ရောက်ပြီးသည်နှင့် အနည်းဆုံး သုံးနှစ်အတွင်း ဂိုဏ်းမှ မထွက်ခွာရန် သဘောတူညီချက်တစ်ခုကိုလည်း လက်မှတ်ရေးထိုးရမည် ဖြစ်၏။

သူတို့က သူတို့၏ 'ကျွန်' များကို အဆုံးစွန်ထိ ခေါင်းပုံဖြတ် အမြတ်ထုတ်ခဲ့ကြသည်ဟု ဆိုနိုင်ပေသည်။

"မင်းတို့ဖြစ်နေမှတော့ မင်းတို့အတွက် အချိန်နည်းနည်း သက်သာသွားအောင် ငါက ကူညီပေးရတာပေါ့"

"ဘယ်လိုပဲဖြစ်ဖြစ် မင်းတို့က သံမဏိအပျိုစင်ကို အနိုင်ယူနိုင်မှာ မဟုတ်ဘူးလေ... ငါ မင်းတို့ကို အိမ်မြန်မြန် ပြန်ပို့ပေးမယ်"

တစ္ဆေညခရီးသွားဝံပုလွေက ချင်ဖုန်းကို တင်ဆောင်လျက် အောက်ဘက်ရှိ ရင်ပြင်သို့ ခုန်ဆင်းသွားလိုက်၏။

သူ၏ ဖုံးကွယ်ထားသော ပုံရိပ်က စစ်မြေပြင်ထဲသို့ အလွန်လျင်မြန်သော နှုန်းဖြင့် ဝင်ရောက်သွားကာ သူက ဓားကို ပြောင်းပြန်ကိုင်လိုက်သည်၌ ကပ်ရောဂါဓားက သူ၏ ပတ်ပတ်လည်၌ အနက်ရောင် အလင်းတန်းတစ်ခု အဖြစ် ထွက်ပေါ်ခုတ်ပိုင်းသွားတော့သည်။

ညအမှောင်ခွင်းဓား။

-၁၇၀၁၄ (အားနည်းချက်ကို တိုက်ခိုက်မှု)။

-၁၅၇၈၈ (အားနည်းချက်ကို တိုက်ခိုက်မှု)။

ဒဏ္ဍာရီလာအဆင့် သိမ်မွေ့သော လွတ်မြောက်ခြင်းက ညအမှောင်ခွင်းဓားကိုလည်း အားနည်းချက်များကို ထိမှန်စေနိုင်ခဲ့၏။

စွမ်းရည်တစ်ခုတည်းဖြင့် သူ၏ ပတ်ပတ်လည်၌ အဖြူရောင်အလင်းတန်းများ ချက်ချင်း ပေါက်ကွဲထွက်ပေါ်လာတော့သည်။

စစ်သည်တော်များ၊ မှော်ဆရာများ၊ နတ်ဆရာများ… အများအပြားမှာ ချက်ချင်း လဲကျသွားကြ၏။

【သင်သည် ကစားသမား 'ကိုယ်တိုင်ပေါက်ကွဲသူ' ကို သတ်ဖြတ်လိုက်ပါသည်။】

【သင်သည် ကစားသမား 'ရှီကျိုးကျိုး' ကို သတ်ဖြတ်လိုက်ပါသည်။】

【သင်သည် ကစားသမား 'ရှောင်ယွဲ့' ကို သတ်ဖြတ်လိုက်ပါသည်။】

【သင်သည် ကစားသမား 'ဒိန်ခဲမစားဘူး' ကို သတ်ဖြတ်လိုက်ပါသည်။】

【သင်သည် ကစားသမား 'ကျူးလစ်ပန်းတွေက ညီမလေးရဲ့ ရေချိုးသဘက်လောက် မမွှေးဘူး' ကို သတ်ဖြတ်လိုက်ပါသည်။】

ဤရုတ်တရက် အလှည့်အပြောင်းက ရှေ့တန်း၌ ဘော့စ်၏ တိုက်ခိုက်မှုများကို ကာကွယ်နေသော ချန်ဂူမင်ကို အကြီးအကျယ် တုန်လှုပ်သွားစေခဲ့၏။

သူတို့က ဘော့စ်ကို အကောင်းပကတိ တိုက်ခိုက်နေကြကာ ၎င်း၏ တိုက်ခိုက်မှုများကို ကာကွယ်နေကြသော်လည်း ဓားအလင်းတန်းကွင်းတစ်ခု ပေါ်လာပြီးနောက် သူ၏ အဖွဲ့ဝင်တစ်ဝက်လောက်က ပျောက်ကွယ်သွားခဲ့ခြင်းပင်။

"ဘယ်သူလဲ"

"အရိပ်လား"

"ငါတို့က မင်းနဲ့ ဘာရန်ငြိုးမှ မရှိဘဲနဲ့ ဘာလို့ ငါတို့လူတွေကို သတ်ရတာလဲ"

တိုက်ပွဲဝင်သတ္တဝါ ကျားသစ်ကို စီးနင်းထားသော ချန်ဂူမင်က ထိတ်လန့်တကြားဖြင့် ပတ်ဝန်းကျင်ကို ကြည့်လိုက်သော်လည်း မည်သည့် သံသယဖြစ်ဖွယ် ပုံရိပ်ကိုမှ မတွေ့ရချေ။ ထိုအချိန်၌ပင် သူ၏ ခေါင်းထဲ၌ အေးစက်သောခံစားမှုတစ်ခု ချက်ချင်း ဖြတ်ပြေးသွားတော့၏။

အဘယ်ကြောင့်ဆိုသော် ထိုလူက ဘော့စ်၏ ပေါင်ကြားအောက်၌ ရှိနေပြီး အတော်လေး ဝေးကွာနေသဖြင့် ချင်ဖုန်း၏ တိုက်ခိုက်မှုကို မခံလိုက်ရသောကြောင့် မသေဆုံးခဲ့ခြင်းပင်။

သူက ထိုသို့ အော်ဟစ်လိုက်ချိန်၌ပင် သူ၏ နားထဲသို့ ခပ်သဲ့သဲ့ အသံတစ်ခု ရုတ်တရက် ဝင်ရောက်လာ၏။ "ငါက အမဲသား မစားဘူး"

စကားမဆုံးခင်၌ပင် ချန်ဂူမင်ရော သူ၏ ကျားသစ်ထံတွင်ပါ အထက်မှအောက်သို့ ဓားအလင်းတန်းများ ပေါက်ကွဲထွက်ပေါ်လာကာ သွေးများ ပန်းထွက်သွားလျက် ချက်ချင်းပင် ရှစ်ပိုင်းပြတ်သွားလေသည်။

***